တရားမပုံစံအမှတ်- ၉၄ **ဤပုံစံကို အသုံးပြုရန်အတွက် တရားမပုံစံအမှတ် ၉၆ ကိုကြည့်**

ရောင်းချရန်ကြော်ငြာစာ

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )

မဟာအောင်မြေခရိုင်တရားရုံးတော်

၂၀၂၃ ခုနှစ်၊ ဒီကရီမှုအမှတ် - ၃၇

| | | |
|---|---|---|
| ၁။ ဒေါ်တင်တင်ဝင်း<br>၂။ ဒေါ်ကြူကြူမြင့် | နှင့် | ၁။ ဦးနိုင်ဝင်း<br>၂။ ကိုနေဇာလင်း<br>၃။ မခိုင်သဇင်ဝင်း<br>၄။ ကိုဇော်မျိုး<br>၅။ ဦးဝင်းလှိုင်(ကွယ်လွန်သူမဥမ္မာ၏တရားဝင်ကိုယ်စားလှယ်)<br>၆။ ဦးနိုင်စိုး (ကွယ်လွန်သူ ဦးထွေးမောင်၏ တရားဝင်ကိုယ်စားလှယ်) |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

**မန္တလေးခရိုင်တရားရုံး ၊ တရားမကြီးမှုအမှတ်-၄၄ / ၂၀၂၂** အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို **၂၀၂၄** ခုနှစ်၊ **ဧပြီ** လ၊ **၁၁** ရက်နေ့၊ နံနက် **၁၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံး သို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူ မည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည် အကြောင်း၊ လေလံဆွဲဝယ်မည့် သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့် ဆုံး ပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင့်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူ က ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်း ရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်မည့်သူများသည် ရောင်းချသည့်နေရာ၌က သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ ရာခိုင်နှုန်း ငွေရှင်းပေးသွင်းပြီးနောက် ကျန်ငွေ များကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ နံနက်ဆယ်နာရီထိ ပေးဆောင်ရမည်။ ၁၅ ရက် မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုကျော်လွန်သော်လည်း မပေးသွင်းပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချပါမည်။ ပေးသွင်းထားသည့် စပေါ်ငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်း ခြင်းခံ ရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် ကျွန်ုပ်၏လက်မှတ်နှင့်တံဆိပ်တုံးခတ်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ဝင်းသီတာ)
ဒုတိယခရိုင်တရားသူကြီး (၂)
မဟာအောင်မြေမြို့နယ်တရားရုံး

<u>ပစ္စည်းစာရင်း</u>

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၅၄)၊ ဦးပိုင်အမှတ်(၉၀-က)၊ မြေဧရိယာ (၀.၀၁၁၆)ဧကအကျယ်အဝန်းရှိ ဒေါ်သောင်းကြည်အမည် ပေါက်ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦများ၊ ရေမီးအပြည့်အစုံ။

လေလံကြမ်းခင်းဈေးငွေကျပ်သိန်း – သိန်း(၆၉၅၀)
အရောင်းကြော်ငြာပြန်ဘွင်းရန်နေ့ရက် – (၁၁-၃-၂၀၂၄)

<u>ကပ်ရန်</u>

၁။ မဟာအောင်မြေခရိုင်တရားရုံးကြော်ငြာသင်ပုန်း
၂။ ချမ်းအေးသာစံမြို့နယ်တရားရုံးကြော်ငြာသင်ပုန်း
၃။ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်း
၄။ အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ
၅။ ရုံးလက်ခံ/အမှုတွဲလက်ခံ